# သက်ဇိုင်းရာမက ရှည်စေသော်




၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်၊ ည (၆) နာရီ (၃၀)မှာ၊ အမေရိကန်နိုင်ငံ ၊ ကာလီဖိုးနီးယားပြည်နယ် ၊ ဒေလီစီးတီးမြို့ ၊ ဂျက်ဖာဆင် အထက်တန်းကျောင်းမှာ နိဗ္ဗာန်ဆော်အဖွဲ့ကနေ ကြီးမှူးပြီး မစိုးရိမ်ဆရာတော်ကြီး ဦးကောဝိဒါဘိဝံသရဲ့ တရားပွဲကျင်းပပါတယ်။ မစိုးရိမ်ဆရာတော်ကြီးက နှစ်ပေါင်းများစွာ စာပေများပို့ချခဲ့တာကြောင့် တပည့်တပမ်းတွေ အလွန်ပေါများပါတယ်။အထူးသဖြင့် ဆရာတော်ကြီးက ဓမ္မာစရိယတန်းဆိုင်ရာကျမ်းစာများကို ပို့ချခဲ့တာများပါတယ်။ မြန်မာနိုင်ငံက ဓမ္မာစရိယစာစာမေးပွဲဝင်ရောက်ဖြေဆိုကြတဲ့သူတိုင်းနီးပါး ဆရာတော်ကြီးနဲ့ ကင်းတဲ့သူဆိုတာ အတော်နည်းပါတယ်။ ဆရာတော်ကြီးထံ ကိုယ်တိုင်စာဝါလိုက်ဘူးခဲ့လို့ပဲဖြစ်ဖြစ် ၊ ဆရာတော်ကြီး ပြုစုထားတဲ့ကျမ်းစာများကို ဖတ်ဘူးလို့ပဲဖြစ်ဖြစ်၊တစ်နည်းနည်းနဲ့တော့ ပတ်သက်နေတတ်တာများပါတယ်။ ပြည်တွင်းမှာသာမက ပြည်ပမှာရောက်ရှိသီတင်းသုံးနေကြတဲ့ သံဃာတော်အများစုလည်း ဆရာတော်ကြီးရဲ့ကျေးဇူးတရားနဲ့ မကင်းတတ်ကြပါဘူး။ ပြည်ပရောက်သံဃာအများစုဆိုတာကလည်း ဓမ္မာစရိယတန်းစာမေးပွဲကို ဖြတ်သန်းကျော်လွှားခဲ့ကြသူက အများပဲ မဟုတ်လား။ ဒါကြောင့် ဒီဒေလီစီးတီးမြို့မှာ တရားပွဲကို ဦးစီးကျင်းပသူများက တရားပွဲ မစမီမှာ ဒေလီစီးတီးအနီးဝန်းကျင်မှာ သီတင်းသုံးနေကြတဲ့ တပည့်သံဃာတော်များက  ဆရာတော်ကြီးကို ပူဇော်သောအားဖြင့် ဆရာတော်ကြီးဂုဏ်ကို ကိုယ်မြင်ရာရှုထောင့်ကနေပြီး ပူဇော်တင်ပြတဲ့ အစီအစဉ်တစ်ခုကိုလည်း ထည့်ပေးပါတယ်။ ဒီအခမ်းအနားကို ဟာ့မွန်းဗေးမြို့၊ ဓမ္မာနန္ဒဝိဟာရမှာ သီတင်းသုံးတဲ့ ဆရာတော် ဦးဇောတာလင်္ကာရ၊ ဦးသြသဓ ။ ဒေလီစီးတီးမြို့ ၊ ရတနာဉာဏ်ရောင်ရိပ်သာမှာ သီတင်းသုံးတဲ့ ဦးတေဇဝန္တ။ ဖရီးမောင့်မြို့ ၊ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာမှာ သီတင်းသုံးတဲ့ ဦးဃောသိတာဘိဝံသ၊ ဦးဉာဏိကတို့ ကြွရောက်ကြပါတယ်။

ဆရာတော်ကြီးက ပရိယတ္တိနယ်ပယ်မှာပဲ ကျင်လည်မှုများတာကြောင့် သံဃာတော်များကြားမှာ မသိသူမရှိသလောက်ဖြစ်ပေမယ့် သာမန်လူတွေကြားမှာတော့ အသိနည်းပါးတာမို့ တရားနာလာသူတွေ ဆရာတော်ကြီးအကြောင်းကို ပိုမိုသိရှိစေဖို့ စီစဉ်ပေးတဲ့သဘောလည်း ပါဝင်ပါတယ်။ ပူဇော်ပွဲမှာပြောကြားဖို့ ဖရီးမောင့်မြို့၊ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာမှာ သီတင်းသုံးတဲ့ ဦးဃောသိတာဘိဝံသနဲ့ ဟာ့မွန်းဗေးမြို့၊ ဓမ္မာနန္ဒဝိဟာရမှာ သီတင်းသုံးတဲ့ ဦးသြသဓတို့ကို အစီအစဉ်ထဲမှာ ထည့်ထားပါတယ်။ သူတို့အစီအစဉ်ထဲမှာ မပါပေမယ့်လည်း စာရေးသူကိုလည်း အနည်းအကျဉ်းပြောပေးဖို့ အခမ်းအနားမှူးအဖြစ် တာဝန်ယူတဲ့ ကိုခင်မောင်သက်က လျှောက်ထားခဲ့လို့ အနည်းငယ်မျှ ဝင်ရောက်ပြောကြားခဲ့ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးအကြောင်း (ရဟန်းဖြစ်ဖြစ် ၊သာမန်လူပဲဖြစ်ဖြစ် ) ချီးကျူးပူဇော်စကားဆိုဖို့ဆိုလျှင် ကိုယ်စိတ်မပါပါက ပြောဆိုဖို့ လုံးဝလက်ခံမှာ မဟုတ်ပါဘူး။ မစိုးရိမ်ဆရာတော်ကြီးကို ပူဇော်စကားဆိုဖို့ကိုတော့ ကိုယ်ကိုယ်တိုင်က နှစ်နှစ်ကာကာ လိုလားဆန္ဒရှိတာကြောင့် ပြောဖို့ သဘောတူခဲ့ပါတယ်။ ကြိုတင်စီစဉ်မှုမရှိပဲ ရုတ်တရက်ပြောခဲ့ရတာမို့ စိတ်ထဲပေါ်လာတဲ့အတိုင်း ပြောလိုက်တာပါ။ စိတ်ပညာရှုထောင့်က ကြည့်လျှင်တော့ ဒီစကားတွေဟာ ကိုယ့်ရဲ့တကယ့်စိတ်ခံစားမှုနဲ့ ပိုပြီးနီးစပ်တယ်လို့ ဆိုနိုင်မှာပါ။ နောက်နေ့မှာပဲ

ဆရာတော်ကြီးက ပြောထားခဲ့တာတွေ မှတ်တမ်းထင်ထားလျှင်ကောင်းမယ်လို့ မိန့်ပါတယ်။ ရုတ်တရက်စိတ်ထဲပေါ်လာတာတွေကိုပြောခဲ့တာမို့ ဘာတွေပြောခဲ့တယ်ဆိုတာကို တိတိကျကျပြန်လည်ပြောပြဖို့တော့ ခက်ပါတယ်။ ခုမှတ်တမ်းကတော့ မှတ်မိသမျှ ပြည်လည်ရေးပြခြင်းပါ။ ဖတ်ကြည့်ပါဦး။

## မစိုးရိမ် ဆရာတော်ကြီးဘုရား

ဘုရားတပည့်တော်ဥာဏ်ကပါဘုရား၊ တပည့်တော်အား အနည်းငယ်ပြောကြားခွင့်ပြုပါဘုရား။

အစီအစဉ်ထဲမှာ ဦးဇင်းတို့ပြောဖို့မပါတာကြောင့် စာအနေနဲ့ပြောရမယ်ဆိုရင် ဦးဇင်းက ပဒပူရဏ–ပုဒ်ပြည့်၊ ပုဒ်ဖြည့်လို့ ဆိုရမှာပေါ့။ ပဒပူရဏဆိုတာ ပါဠိစကား၊ မြန်မာလိုတော့ ပဒ–က ပုဒ်၊ ပူရဏ–က ပြည့်။ အဓိပ္ပါယ်က သူ့ကိုယ်ပိုင် ဘာမှ အနက်ထူး၊ အဓိပ္ပါယ်ထူး မရှိပေမယ့် စာသွားလေး ဖတ်ကောင်းသွားအောင်၊ ရွတ်ကောင်းသွားအောင် ဖြည့်ပေးရတဲ့ စာလုံးလေး၊ စကားလုံးလေးလို့ အဓိပ္ပါယ်ရပါတယ်။ ပါဠိစာပေမှာဆို စ–တို့၊ ဝိ–တို့ စတဲ့စကားလေးတွေပေါ့။ ဒီစကားလေးတွေထည့်လိုက်တော့ ဖတ်လို့ကောင်းသွားတယ်။ စကားလေး ချောသွားတယ်။ ဒါကြောင့် ဝါစာသိလိဋ္ဌ–စကားချောချောမွေ့ဖြစ်စေရေးမှာ ပဒပူရဏ–ကအရေးကြီးပါတယ်။ ဒီမှာ ပဒပူရဏဖြစ်တဲ့ ဦးဇင်းကတော့ ဒီအခမ်းအနားကို ပိုပြီးချောမွေ့သွားစေမလား၊ ပိုပြီး အကျည်းတန်အရုပ်ဆိုးသွားစေမလားဆိုတာတော့ မပြောနိုင်ဘူးပေ့ါ။ သို့ပေမယ့် အနတ္ထက–အကျိုးမဲ့၊ အဓိပ္ပါယ်မဲ့တော့ မဖြစ်တန်ကောင်းပါဘူးလေ ဆိုတဲ့အနေနဲ့ ပြောရမှာပါ။

ရှေ့ကဆရာတော်များ ပြောကြားနေစဉ်မှာပဲ စောစောက ဒကာမတစ်ဦး လာရောက်ဆက်ကပ်သွားတဲ့ စာအိတ်ပေါ်မှာပဲ ကဗျာတိုလေး ရေးဖြစ်ခဲ့ပါတယ်။ စာပေမှာရှိပါတယ်။ အဲဒါက ဂုဏဝန္တာနံ ဂုဏံ ကထနံ ပဏ္ဍိတာနံ ပကတိ–တဲ့။ ဂုဏဝန္တာနံ–ဂုဏ်ရှိတဲ့သူတွေရဲ့၊ ဂုဏံ–ဂုဏ်ကို၊ ကထနံ–ထုတ်ဖော်ပြောဆိုချီးမွမ်းခြင်းဟာ၊ ပဏ္ဍိတာနံ–ပညာရှိ သူတော်ကောင်း လူလိမ္မာ လူယဉ်ကျေးတို့ရဲ့၊ ပကတိ–သဘောပါ တဲ့။ ဒီတော့ဒီမှာ ဆရာတော်များ၊ ဒကာ ဒကာမများက ဆရာတော်ကြီးရဲ့ဂုဏ်တွေကို ထုတ်ဖော်ပြီး ချီးကျူးကြတယ်။ ဂုဏ်ပြုကြတယ်။ ဒါ လူယဉ်ကျေးတွေ၊ လူလိမ္မာတွေ၊ ပညာရှိသူတော်ကောင်းတွေ လုပ်တဲ့အလုပ်ကို လုပ်ကြခြင်းဖြစ်တယ်။ဒီတော့ သူတော်ကောင်း လူလိမ္မာတွေ လုပ်တဲ့ အလုပ်ကို အတုလိုက်ပြီး လုပ်တဲ့သူတွေကိုရော ဘာပြောမလဲ။ သူတော်ကောင်း လူလိမ္မာလို့ ပြောမလား။ သူယုတ်မာ လူမိုက်လို့ပြောမလား။ (သူတော်ကောင်း လူလိမ္မာလို့ ပြောရပါမယ်ဘုရား)။ ဟုတ်တယ်။ ဒီလိုသူတွေကို သူတော်ကောင်း၊ လူလိမ္မာလို့သာ ပြောရမယ်။ ဒါဆို စောစောက ဆရာတော် ဦးဩသကေက မိန့်ကြားသွားတယ်။ မြန်မာပြည်က သတင်းစာများထဲမှာ ဆရာတော်ကြီးအကြောင်းတွေကို မဟုတ်မတရား အများကြီးပြောထားတယ်–တဲ့။ ဒါကို ဆရာတော်ကြီးက တာဒိဂုဏ်အပြည့်နဲ့ သည်းခံစိတ်မွေးပြီး “အဲကွာ သူများတွေ တမင်တောင် ပိုက်ဆံပေးကြော်ငြာရသေးတာ၊ ငါ့ပိုက်ဆံမပေးရပဲ သူတို့ကကြေညာပေးနေတာ”–လို့ မိန့်ကြားတယ်လို့ ပြောသွားပါတယ်။ ခုလို နှစ်ပေါင်းများစွာ၊ ဘာသာ သာသနာလူမျိုးရဲ့ အကျိုးကို အားကြိုးမာန်တက် မနေမနားလုပ်ဆောင်တော်မူတဲ့ ဆရာတော်ကြီးတစ်ပါးရဲ့ ဂုဏ်ကို ထုတ်ဖော်ရမည့်အစား၊ ချီးမွမ်းပြောဆိုရမည့်အစား အဲဒီလို အမနာပကဲ့ရဲ့စကားဆိုသူမျိုးတွေကိုရော သူတော်ကောင်း လူလိမ္မာ လူယဉ်ကျေးလို့ ဆိုနိုင်မလား။ (မဆိုနိုင်ပါဘူးဘုရား)။ ဟုတ်တယ်၊ ဘယ်ဆိုနိုင်မလဲ။ ဒီလိုသူတွေကိုတော့ လူမိုက်တွေ၊ မယဉ်ကျေးတဲ့သူတွေ၊ မလိမ္မာတဲ့သူတွေလို့သာ ဆိုရမယ်။ အဲဒီလို သူမျိုးတွေ မဖြစ်ဖို့ အရေးကြီးတယ်။

ဟုတ်ပြီ၊ ဆရာတော်ကြီးရဲ့ဂုဏ်ကို ထုတ်ဖော်ပြောရမယ်ဆိုတော့ ဘာဂုဏ်ကို ဘယ်လိုပြောမလဲ။ ဒီနေရာမှာ ဆီးဘန်နီဆရာတော်ကြီးရဲ့ စာလေးကို သွားသတိရမိတယ်။ ဆီးဘန်နီဆရာတော်ကြီးဆိုတာ ဘယ်သူလဲလို့ သိချင်မှသိကြမှာဖြစ်ပေမယ့် ဆရာတော်ကြီးရဲ့ စာကိုတော့ မြန်မာအတော်များများ သိကြပါတယ်။ ဆရာတော်ကြီးရဲ့ “ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရပေ၊ တို့တတွေသည်၊ သေသော်မှတည့်၊ အော်ကောင်း၏” ဆိုတဲ့ အင်္ဂလိပ်လက်အောက်မှာ ကျွန်သဘောက်ဖြစ်နေရတဲ့ သူ့ကျွန်ဘဝကို မနှစ်သက်မလိုလားကြောင်း၊ မျိုးချစ်စိတ်ဓာတ် အပြည့်နဲ့ ရေးထားခဲ့တဲ့စာကိုတော့ ကြားဘူးကြမှာပါ။ သို့ပေမယ့် လူတော်

တော်များများ မသိကြတဲ့ ဆရာတော်ကြီးရဲ့ စာလေးတစ်ပုဒ်လည်း ရှိပါသေးတယ်။ ဒါကတော့ မဟာဝေယံဘုံသာ ကျောင်းတော်ကြီး ရေစက်ချ ပွဲမှာ ကျောင်းတော်ကြီးဂုဏ်ကို ချီးကျူးဖွဲ့ဆိုထားတဲ့ စာတစ်ပုဒ်ပါ။ ဆရာတော်ကြီးက “ကျောင်းကြီးဂုဏ်ကြီး၊ ထုတ်ဖော်ချီးက၊ စာလုံးမြစ်ကြီး၊ သုန်သုန်စီးလိမ့်”–လို့ ဖွဲ့ပါတယ်။ ဝေယံဘုံသာ ကျောင်းတော်ကြီးရဲ့ ကောင်းချီးဂုဏ်တွေကိုသာ ထုတ်ဖော်ရေးသားရမယ်ဆိုရင် ချီးကျူးမကုန်နိုင်လောက်တာမို့ စာလုံးတွေ မြစ်ကြီးစီးဆင်းသွားသလို ဖြစ်ပါလိမ့်မယ်–တဲ့။ အလားတူပါပဲ။ ဦးဇင်းတို့လည်း ခု ဒီမစိုးရိမ်ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ပုဒ်တွေကို သိထားရသမျှ ပြောရမယ်ဆိုလျှင် စကားလုံးတွေ၊စာလုံးတွေက မြစ်ကြီးတစ်စင်း စီးဆင်းတာထက် မက သမုဒ္ဒရာပြင်ကြီးတစ်ခုလို ဖြစ်သွားပါလိမ့်မယ်။ အဲသလောက် မရေမတွက်နိုင်အောင် များပြာတဲ့ ဂုဏ်တွေထဲက ဦးဇင်းတို့ ပြောနိုင်မည့်ဂုဏ်က တကယ့်ကိုမှ အစိတ်အပိုင်းလေးမျှ၊ နည်းနည်းလေးမျှသာ ဖြစ်မှာပါ။ သမုဒ္ဒရာကြီး အတွင်းက ရေစက်ရေပေါက်ကလေးမျှလောက်သာ ဖြစ်မှာပါ။ စာပေမှာ ရှိပါတယ်။ ဘုရားရှင်ရဲ့ဂုဏ်ကို ထုတ်ဖော် ချီးကျူးမယ်ဆိုလျှင် အကောင်းဆုံးဆိုတဲ့ ဂုဏ်ပုဒ်တစ်ခုနဲ့သာ ချီးကျူးလိုက်ပါ။ အဲဒီအကောင်းဆုံး ဆိုတဲ့ ဂုဏ်တစ်ပုဒ် ဟာ မြတ်စွာဘုရားမှာ ကိန်းရှိပြီးသားဖြစ်နေတာမို့ အဲဒီအကောင်းဆုံးဂုဏ်က မြတ်စွာဘုရားနဲ့ လိုက်ဖက်ပြီးသားသာ ဖြစ်ပါလိမ့်မယ်–တဲ့။ ဒီမှာလည်း မြတ်စွာဘုရားဂုဏ်တော်များနဲ့ ဆရာတော်ကြီးကို မနှိုင်းသာနိုင်ပေမယ့် ဆရာတော်ဘုရားကြီးကိုလည်း အဲဒီလို ကောင်းတဲ့ဂုဏ်တွေထဲက တစ်ခုခုနဲ့ ချီးကျူးလိုက်မယ်ဆိုလျှင် မလိုက်ဖက်တဲ့ ဂုဏ်ရယ်လို့ ရှိနိုင်မယ် မထင်ပါဘူး။ အားလုံးက လိုက်ဖက်ညီထွေဖြစ်နေမှာပါ။ ပြောရလျှင် စကားလုံးတွေကတောင် တကယ့်ဂုဏ်ကိုမီအောင် ဖော်နိုင်မယ် မဟုတ်ပါဘူး။

စောစောကရွတ်ပြခဲ့ ပါဠိစကားလေးရဲ့ အဓိပ္ပါယ်ကို ရုတ်တရက်ပဲ ဆရာတော်ကြီးကို ပူဇော်လိုလို့ စာအိတ်ပေါ်မှာ ကဗျာလေးအဖြစ် ဖန်တီးဖြစ်လိုက်ပါတယ်။ နားထောင်ကြည့်ပါဦး။ **“ဂုဏ်ရှိပုဂ္ဂိုလ်၊ ဂုဏ်ထိုထိုကို၊ ကြည်ညိုသဒ္ဓါ၊ ဝန္ဒနာဖြင့်၊ ရှိသေဝပ်တွား၊ ဦးနှိမ်ထားကာ ၊ လေးစားချီးပ ၊ နှုတ်မြွက်ဟလို့၊ ဖွင့်ပြထိုထို ၊ ရွတ်ဆိုခြင်းသည် ၊ ပညာရှိများ၊ သဘောထားတည်း”** လို့ ရေးဖြစ်လိုက်ပါတယ်။ ဒါဟာ ပူဇော်မှုနဲ့ပတ်သက်တဲ့ ဦးဇင်းရဲ့ ပထမဆုံး ကဗျာတစ်ပုဒ်ပါပဲ။

နောက်တစ်ပုဒ်ကိုတော့ **“ရိုးသား ရဲရင့် ၊ သူ့အကျင့်ကို ၊ တုချင့်ပူဇော ၊ နမူနာဖြင့် ၊ လွန်စွာရိုကျိုး ၊ ကျွန်ရှိခိုးသည် ၊ သက်ဖိုး ရာမက ရှည်စေသော်”** ရယ်လို့လည်း ရေးဖြစ်လိုက်ပါတယ်။ ဘာကြောင့် ခုလိုရေးဖြစ်လိုက်တာလဲ ဆိုတော့။ ဆရာတော်ဘုရားကြီးရဲ့ လေးစားအားကျစရာ ဂုဏ်များထဲမှာ ဦးဇင်းများ ထူးထူးခြားခြား အမှတ်ပြုမိတဲ့ ဂုဏ်နှစ်ခုရှိပါတယ်။ ဒီနှစ်ခုကို ဦးဇင်းတို့ မစိုးရိမ်မှာနေစဉ်ကတည်းက အမှတ်ပြုမိသလို ခုလိုပြည်ပမှာ ဆရာတပည့်တွေ ပြန်လည်ဆုံမိတဲ့အခါမှာလည်း အမှတ်ပြုမိပါတယ်။ ဒီဂုဏ်နှစ်ကတော့ “ရိုးသားမှုနဲ့ ရဲရင့်မှု” ဂုဏ်နှစ်ခုပါ။ ဆရာတော်ဘုရားကြီးရဲ့ အပြောအဆို အနေအထိုင် ရိုးသားမှုကို တစ်ခါတွေ့ဘူးရုံမျှနှင့်ကိုပဲ အလွယ်တကူ မှန်းဆနိုင်ပါတယ်။ ကြာရှည်သဖြင့် အနီးကပ်နေထိုင်ကြည့်လေ ဆရာတော်ကြီးရဲ့ ရိုးသားမှုဂုဏ်တွေကိုလည်း ပိုပြီးတွေ့ရလေဖြစ်ရပါတယ်။ ဟန်ဆောင်မှုကင်း ရိုးရှင်းတဲ့ အမူအယာ၊ လက္ခဏာဆိုတာ ပညာရှိသူတော်ကောင်း တစ်ဦးမှာသာ ရှိတတ်တဲ့ အများနဲ့မတူ ထူးခြားတဲ့ သွင်ပြင်လက္ခဏာသာ ဖြစ်ပါတယ်။ ရိုးသားမှုဆိုတာက ဘယ်အရာနဲ့မှ လဲလှယ်ယူလို့ မရသလို ငွေနဲ့ပေးဝယ်လို့ ရစကောင်းတဲ့အရာလည်း မဟုတ်ပါဘူး။ သူတော်ကောင်းစိတ်ဓာတ်နဲ့သာ ဖန်တီးတည်ထောင်လို့ ရနိုင်တဲ့ ဂုဏ်အရည် အသွေးပါ။ နောက်ပြီး ဒီရိုးသားမှုဂုဏ်ကို တာရှည်ထိန်းသိမ်းထားနိုင်ဖို့ကလည်း ခက်ခဲတတ်ပါတယ်။ ပစ္စည်း လာဘ်လာဘ၊ ဂုဏ်ပကာသနတွေနဲ့ ဆွဲဆောင်စည်းရုံးတာ၊ စမ်းသပ်တာခံကို တောင့်ခံနိုင်ပါမှ တာရှည်ထိန်းသိမ်းထားနိုင် တာပါ။ ပင်ကိုယ်ရိုးသားဖြောင့်မတ်သူ မရှားပေမယ့် ပစ္စည်းလာဘ်လာဘ ဂုဏ်ပကာသနများနဲ့ ဖျက်ဆီးတာကို တောင့်ခံနိုင်တဲ့သူမျိုးဆိုတာကတော့ အတော်ကိုရှားပါတယ်။ မစိုးရိမ် ဆရာတော်ကြီးကတော့ အဲဒီလို ရှားပါးသူများထဲက တစ်ပါးပါပဲ။ ဆရာတော်ဘုရားကြီး လုပ်ဆောင်ခဲ့တဲ့ လုပ်ရပ်တွေ၊ ရှိနေတဲ့ဂုဏ်တွေ၊ မစိုးရိမ်ဆိုတဲ့ ကျောင်းတိုက်တာရဲ့အနေအထားတွေနဲ့ဆို လက်ရှိအုပ်ချုပ်နေသူများနဲ့ အလိုက်သင့်အောင်ပေါင်းပြီး မြှောင့်ပင့်စားနေမယ်ဆိုလျှင် ခုချိန်မျိုးဆိုမှာ စားလို့သောက်လို့ နေထိုင်လို့ အကောင်းဆုံး အချိန်ဖြစ်ပါတယ်။ သို့ပေမယ့် ဆရာတော်ကြီးက ဒါမျိုး လုံးဝမလုပ်ပါဘူး။ ဒါကြောင့်လည်း အုပ်ချုပ်နေသူများ အလိုကျ မပြောမဆို၊ မလုပ်မကိုင်တာကြောင့် သတင်းစာထဲကနေ ဆရာတော်ကြီးကို ကဲ့ရဲ့ပြစ်တင် မလိုစကားဆိုတာကို ခံရတာပါ။

ဒီအတွက်လည်း ဆရာတော်ကြီးက မတုန်လှုပ်ပါဘူး။ မသူတော်တွေရဲ့ ကဲ့ရဲ့တင်းဆိုငြင်ပြုမှု အတွက်ကြောင့်တော့ ပညာရှိသူတော်ကောင်းများက စိတ်ပျက်စိတ်ကွက်တာမျိုး ဖြစ်နေမှာလည်း မဟုတ်ပါဘူး။ အဆုံးမတော့ လူဆိုးလူမိုက်တွေသာလျှင် တောက်ပြောင်နေတဲ့ ရွှေတောင်ကြီးကို မနာလို မရှုဆိတ်နိုင်တာကြောင့် မဲညစ်သွားအောင် မစင်တွေ၊ နွံတွေလူးနေတဲ့ ခန္ဓာကိုယ်နဲ့ ပွတ်တိုက်တဲ့ ဝက်မိုက်လိုမျိုးပဲ ဖြစ်သွားမှာပါ။ ရွှေတောင်ကြီးကတော့ ပွတ်တိုက်လေ၊ ပိုပိုပြီး ပြောင်လာလေသာ ဖြစ်မှာပါပဲ။

ရဲရင့်မှုဂုဏ်ဆိုရာမှာလည်း ဆရာတော်ကြီးဟာ မှန်တာကို မှန်တဲ့အတိုင်း ရဲရဲဝံ့ဝံ့ပြောဆိုတတ်တယ်။ မှန်တယ်ထင်တဲ့အရာကိုလည်း မကြောက်မရွံ့ မတွန့်ဆုတ်ပဲ လုပ်ကိုင်တတ်တယ်။ မကြာမီက ဖြစ်ပွားခဲ့တဲ့ သံဃာတော်များဦးဆောင်တဲ့ ဆန္ဒဖော်ထုတ်မှုကို စစ်အစိုးရက အကြမ်းနည်းနဲ့ နှိမ်နင်းခဲ့တယ်။ ဘုန်းတော်ကြီးကျောင်းများကို ညအချိန်မတော်ဝင်စီးပြီး သံဃာတော်များကို ရိုက်နှက်ဖမ်းဆီးတယ်။ နေထိုင်ရာကျောင်းများမှာ မနေနိုင်အောင်လုပ်ဆောင်တယ်။ ဒီလိုဆိုးရွားတဲ့အခြေအနေတွေကို ရပ်တန့်အောင် မလုပ်ဆောင်နိုင်ကြဘူးဆိုလျှင်ဖြင့် ၊ မတားဆီး မကာကွယ်နိုင်ကြဘူးဆိုလျှင်ဖြင့် မကြာမီမှာပဲ မြန်မာ့မြေပေါ်ကနေ စစ်မှန်တဲ့ဗုဒ္ဓသာသနာ ပျောက်ကွယ်သွားလိမ့်မယ်။ ဒါကြောင့် ခုလိုအန္တရာယ်တွေကို တတ်နိုင်သလောက် တားဆီးကာကွယ်နိုင်အောင်ဆိုပြီး သာသနမောဠိ အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်ကြီးကို ဦးဆောင်ဖွဲ့စည်းခဲ့တယ်။ ဒီအဖွဲ့အစည်းကြီးမှာလည်း ပဓာနာစေရဦးဆောင်ဆရာတော်အဖြစ် တာဝန်ယူထားတယ်။ သက်တော်ဝါတော်ကြီးရင့်ပေမယ့် အမျိုးဘာသာ သာသနာရေးအတွက် သွေးအေးမနေနိုင်ပဲ လှည့်လည်ဟောပြော စည်းရုံးနေတယ်။ ပြောသင့်ရာကိုလည်း ရဲရဲဝံ့ဝံ့ ပြောတတ်တယ်။ ဒီလိုဆရာတော်ကြီးမျိုးဟာ ပူဇော်ထိုက်တဲ့သူဖြစ်တယ်။ လေးစားထိုက်သူဖြစ်တယ်။ ဦးဇင်းတို့ ငယ်ရွယ်သူများအနေနဲ့ ဆရာတော်ကြီးရဲ့ ခုလို ရိုးသားရဲရင့်တဲ့ဂုဏ်ကို အတုယူပြီး အမျိုးဘာသာ သာသနာရေးအတွက် အတုပြုကာ လုပ်ဆောင်သင့်ကြတယ်။ ဒါကြောင့် ဦးဇင်းက "ရိုး သား ရဲရင့်၊ သူ့အကျင့်ကို၊ တုချင့်ပူဇော ၊ နမူနာဖြင့် ၊ လွန်စွာရိုကျိုး ၊ ကျွန်ရှိခိုးသည်" လို့ စပ်ဆိုခဲ့ပါတယ်။ အဆုံးစာပိုဒ်အဖြစ် ခုလို ရှိခိုးခြင်းကြောင့် ရတဲ့ကုသိုလ်ရဲ့အကျိုးကိုလည်း ဦးဇင်း ရပါရစေလို့ မတောင်းဆိုချင်ပါဘူး။ ဒီကောင်းမှုအကျိုးကို ဆရာတော်ကြီးသာ ရရှိခံစားနိုင်ပါစေ၊ ပူဇော်ခံ ဆရာတော်ဘုရားကြီးသာ သက်တော်ဝါတော် ရာကျော်ရှည်ပါစေလို့ ဆုတောင်းချင်ပါတယ်။ ဒီနေရာမှာ သက်ဇိုဝ်းဆိုတာက အသက်ဇီဝကိုပြောတာပါ။ ဇိုဝ်းဆိုတာ ဇီဝ–ဆိုတဲ့ ပါဠိစကားက လာတဲ့အသုံးအနှုန်း၊ ပါဠိသက်ဝေါဟာရ တစ်ခုပါ။ ခုလို အမျိုးဘာသာ သာသနာအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်နေတဲ့ ဆရာတော်ကြီး သက်တော်ဝါတော် ရာကျော်ရှည်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် သက်ဇိုဝ်းရာမက ရှည်ပါစေဆိုတဲ့အနေနဲ့ သက်ဇိုဝ်းလို့ ဆိုလိုတာပါ။ အပြင်မှာ အများသူငါသုံးနေတတ်တဲ့ သက်ဆိုးရှည် မဟုတ်ပါဘူး။ တချို့သူများရဲ့ အသက်ရှည်မှုကတော့ သက်ဇိုဝ်းရှည်တာ မဟုတ်ပါဘူး။ သက်ဆိုးရှည်တာလို့ ပြောရမှာပါ။ အမျိုးဘာသာ သာသနာအကျိုး ပျက်ပြားအောင် ပြုလုပ်တဲ့သူမျိုးရဲ့ အသက်ရှည်မှုမျိုးကတော့ တကယ့်ကိုမှ သက်ဆိုးရှည်မှုမျိုးပါ။ ဒီလိုသူမျိုးတွေရဲ့ အသက်ရှည်မှုမျိုးက အမျိုးဘာသာ သာသနာတိုးတက်ကောင်းမွန်ရေးအတွက် ဘာတစ်ခုမှ အထောက်အပံ့ကောင်း မဖြစ်နိုင်ပါဘူး။ ဆရာတော်ကြီးရဲ့ အသက်ရှည်မှုမျိုးကတော့ အမျိုးဘာသာ သာသနာအတွက် အလွန်မှပဲ ကောင်းကျိုးများတဲ့ ဇီဝကလာတဲ့ သက်ဇိုဝ်းရှည်မှုမျိုးပါ။

ဒါကြောင့် ဦးဇင်းရဲ့ ပူဇော်တဲ့စကားကို ဆရာတော်ဘုရားကြီးအတွက် ရုတ်တရက်စပ်ဆိုဖြစ်လိုက်တဲ့ ခုနက ရွတ်ဆိုခဲ့တဲ့ ကဗျာလေးကို နောက်ထပ်ရွတ်ဆိုကာပဲ နိဂုမ်းချုပ်ပါရစေ။

**"ရိုးသား ရဲရင့် ၊ သူ့အကျင့်ကို ၊ တုချင့်ပူဇော ၊ နမူနာဖြင့် ၊ လွန်စွာရိုကျိုး ၊ ကျွန်ရှိခိုးသည် ၊ သက်ဇိုး ရာမက ရှည်စေသော်၊ သက်ဇိုဝ်းရာမက ရှည်ပါစေဘုရား" ။ ။**

အရှင်ဉာဏိက
ဒီဇင်ဘာလ ၂၀ ၊ ၂၀၀၇
ည ၊ ၁၁ နာရီ ၂၅ မိနစ်